ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

# ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ တင်ပို့/တင်သွင်းခြင်းဆိုင်ရာစည်းကမ်းချက်များနှင့်ပတ်သက်သော သတင်းလွှာ ( ၁၀ /၂၀၂၀)

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ၊ ဩဂုတ်လ ၁၂ ရက်

အကြောင်းအရာ။ **ရွှေ ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ တင်ပို့/တင်သွင်းခြင်းဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်သောကိစ္စ**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ တင်ပို့/တင်သွင်းခွင့်ပြုခြင်းနှင့် လိုက်နာဆောင်ရွက်ရန်စည်းကမ်းချက်များကို အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈ ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ အဆိုပါအမိန့်ကြော်ငြာစာ ၇/၂၀၁၈ ၏ ပူးတွဲပါစည်းကမ်းချက်များအပိုဒ် ၈ တွင် “ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ တင်ပို့/တင်သွင်းခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ခွင့်ပြုထားသည့် နိုင်ငံခြားငွေကြေးဖြင့်သာ L/C (သို့မဟုတ်) TT စနစ်ဖြင့် ခွင့်ပြုသည်” ဟူ၍ သတ်မှတ်ထားပါသည်။

၃။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသည် Financial Action Task Force (FATF) ၏ ငွေကြေးခဝါချမှုအဆင့်သတ်မှတ်ချက်တွင် Grey List တွင် ပါဝင်နေကာ ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ တင်ပို့/ တင်သွင်းခြင်းကိုအကြောင်းပြု၍ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့်ငွေကြေးများ ဝင်ရောက်နိုင်ခြင်း မရှိစေရေး သေချာစွာစိစစ်ဆောင်ရွက်ရန်လိုအပ်သဖြင့် အဆိုပါပစ္စည်းများ တင်ပို့/ တင်သွင်းခွင့်လိုင်စင်များကို L/C (သို့မဟုတ်) TT စနစ်ဖြင့် ခွင့်ပြုခြင်းအစား ဤသတင်းလွှာထုတ်ပြန်သည့်နေ့မှစ၍ Letter of Credit (L/C) စနစ်ဖြင့်သာ ခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန